# MPT MNL 2020
# MEDIA OPERATIONS PROTOCOL
## DURING COVID-19 PENDEMIC

## မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်များအတွင်း
## လာရောက်သတင်းရယူမည့်မီဒီယာများ
## လိုက်နာရမည့် ကျန်းမာရေးလမ်းညွှန်ချက်များ

**မြန်မာနေရှင်နယ်လိဂ် ပွဲစဉ်များ အတွင်း လာရောက် သတင်းရယူမည့် မီဒီယာများ လိုက်နာဆောင်ရွက်ရမည့် ကျန်းမာရေး လမ်းညွှန်ချက်များ**

## ကွင်းအတွင်း ဝင်ရောက်ခြင်း

- **သတင်းလာရောက် ရယူမည့် မီဒီယာများ အနေဖြင့် မီဒီယာ ဝင်ခွင့်ကတ်ပြားများကို အချိန်မီ လျှောက်ထားရမည်။**
- **ကတ်ပြားလျှောက်ထားမှုအတွက် လူဦးရေ ကန့်သတ်ထားခြင်း မရှိသော်လည်း ကွင်းအတွင်း လာရောက် သတင်းရယူရာတွင်မူ လူဦးရေ များပြားမှုကို လျော့ချနိုင်ရန် အတွက်**
    - ပြိုင်ပွဲကွင်း တစ်ကွင်းလျှင် သတင်းမီဒီယာ ဌာန တစ်ခုမှ အများဆုံး ၂ ဦးသာ ဝင်ရောက် သတင်းရယူခွင့် ပြုမည်။
    - အစောဆုံး ရောက်ရှိသည့် Photographer ၁၀ ဦးနှင့် Journalist ၊ NRH စုစုပေါင်း (၁၀) ဦး ကိုသာ ကစားကွင်း အတွင်းသို့ ဝင်ခွင့်ပြုမည်။
- **ကွင်းအတွင်းသို့ မီဒီယာများ ဝင်ရောက်ချိန်သည် ပွဲချိန်မတိုင်မီ -60’ မှ -30’ အထိသာ ဖြစ်သည်။ သတ်မှတ်ချိန်ထက် နောက်ကျ ရောက်ရှိလာသူများကို ကွင်းအတွင်း ဝင်ရောက်ခွင့် ပြုမည် မဟုတ်ပါ။**
- **Photographer များ အတွက် ကစားကွင်းဧရိယာ (FOP) သို့ ဝင်ရောက်ခွင့် ကတ်များ၊ Journalist များနှင့် NRH များ အတွက် ပွဲကြည့်စင်ပေါ်သို့ တက်ရောက်ခွင့် ကတ်များကို ဂိတ်ဝတွင် ထုတ်ယူနိုင်သည်။**
- **မီဒီယာများ အားလုံး ကွင်းအတွင်းသို့ ဝင်ရောက်ရာတွင် သုဝဏ္ဏကွင်း၌ ဝင်ပေါက် (၅) မှသာ ဝင်ရောက်ရမည် ဖြစ်ပြီး ကျန်ကွင်းများတွင်မူ ပင်မဂိတ်မှသာ ဝင်ရောက်ရမည်။**
- **ကွင်းအတွင်း ဝင်ရောက်ရာတွင် AD ကတ်များကို မြင်သာအောင် ဆွဲထားရမည်။**
- **ဝင်ပေါက်တွင် ကိုယ်အပူချိန် တိုင်းတာခြင်းကို ခံယူရမည် ဖြစ်ပြီး သတ်မှတ် ကိုယ်အပူချိန်ထက် 37.5 ‘C ထက်ကျော်လွန်နေပါက ကွင်းအတွင်း ဝင်ရောက်ခွင့် ပြုမည် မဟုတ်ပါ။**
- **ကွင်းအတွင်း ဝင်ရောက်ချိန်မှ စ၍ ကွင်းအတွင်းမှ ပြန်လည် ထွက်ခွာချိန်အထိ Mask ကို တောက်လျှောက် ဝတ်ဆင်ထားရမည်။ Mask ဝတ်ဆင်ထားခြင်း မရှိပါက ကစားကွင်းအတွင်း ဝင်ရောက်ခွင့် ရရှိမည် မဟုတ်ပါ။**
- **ကွင်းအတွင်း တစ်ကိုယ်ရည်သုံး ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရမည်။ တံတွေးထွေးခြင်း၊ ကွမ်းတံတွေး ထွေးခြင်းများ မပြုလုပ်ရပါ။**

## သတင်း ရယူခြင်း (ပွဲမစမီနှင့် ပွဲချိန်အတွင်း)


- **ရုပ်သံသတင်းသမားများ (NRH) များ အနေဖြင့် ပွဲစချိန်မှ စ၍ ပွဲချိန် ၁၅ မိနစ်အထိ ရိုက်ကူးခွင့် ရရှိမည်။**
- **မီဒီယာ tribune တွင် လည်းကောင်း၊ ကွင်းအတွင်း ဓာတ်ပုံရိုက်ကူးရာတွင် လည်းကောင်း တစ်ဦးနှင့် တစ်ဦး ပူးကပ်နေထိုင်ခြင်း မပြုရဘဲ သတ်မှတ်ထားသည့် နေရာများ၌သာ စနစ်တကျ ခွဲခြား နေရာယူရမည်။**
- **Photographer များ အနေဖြင့် မြက်ခင်းပြင်သို့ ဝင်ရောက်ရာတွင် သတ်မှတ်ထားသည့် ဝင်ပေါက်မှသာ ဝင်ရောက်ရမည် ဖြစ်ပြီး သတ်မှတ်ထားသည့် A-Board များ နောက်ရှိ နေရာများသို့ တိုက်ရိုက် သွားရောက် နေရာယူရမည်။**

- **Photographer များ အနေဖြင့် သတ်မှတ်ထားသည့် နေရာများ မှသာ ဓာတ်ပုံရိုက်ကူးရမည် ဖြစ်ပြီး အရံထိုင်ခုံများ အနီးသို့ သွားရောက်ခြင်း မပြုရပါ။**
- **Host Broadcaster အနေဖြင့်**
    - ပွဲမတိုင်မီတွင် Arrival Interview ပြုလုပ်ခွင့် ရမည် ဖြစ်သော်လည်း Social Distancing အတိုင်းသာ ပြုလုပ်ရမည်။
    - အဝတ်လဲခန်းကို ရိုက်ကူးခွင့် ရမည် မဟုတ်ပါ။
    - Interviewer နှင့် Cameramen များ အားလုံး Mask ဝတ်ဆင်ထားရမည်။
    - Microphone ကို ကာဗာဖုံးအုပ် အသုံးပြုရမည်ဖြစ်ပြီး တစ်ခါ အသုံးပြုပြီးတိုင်း တစ်ကြိမ် လဲလှယ်ပေးရမည်။
    - Microphone ကို မေးမြန်းမည့် သူနှင့် ဖြေဆိုမည့်သူ ခွဲခြား အသုံးပြုရမည်။
    - ပွဲမစမီ Tunnel အတွင်း ရိုက်ကူးခွင့် ရမည် ဖြစ်သော်လည်း ရိုက်ကူးသူ အားလုံး Mask များ၊ လက်အိတ်များ ဝတ်ဆင်ရမည် ဖြစ်ကာ ၆ ပေ အကွာမှသာ ရိုက်ကူးရမည်။

## သတင်း ရယူခြင်း (ပွဲပြီး)

- **ပွဲပြီး Press Conference တွင် သတ်မှတ်ထားသည့် နေရာများ၌သာ နေရာယူရမည်။**
- **စင်ပေါ်တွင် နည်းပြချုပ်နှင့် မီဒီယာ တာဝန်ခံ နှစ်ဦးသာ နေရာယူရမည် ဖြစ်ပြီး အနည်းဆုံး ၆ ပေခွာ ထားရမည်။**
- **Press Conference တက်ရောက်သူ အားလုံး Mask ဝတ်ဆင်ရမည်။**
- **အသံဖမ်းယူရာတွင် အသုံးပြုသည့် Microphone များ၊ Phone များကို စားပွဲပေါ် မတင်ရပါ။**
- **Mixed Zone တွင် Interview ပြုလုပ်ခွင့် မရှိပါ။**
- **Host Broadcaster အနေဖြင့်**
    - ပွဲအပြီးတွင် Flash Interview ပြုလုပ်ခွင့် ရှိသည်။
    - သို့သော် ကစားကွင်း ဧရိယာ (Field of Play, FOP) အပြင်ဘက်တွင်သာ ပြုလုပ်ရမည်။
    - Microphone ကို မေးမြန်းမည့် သူနှင့် ဖြေဆိုမည့်သူ ခွဲခြား အသုံးပြုရမည်။
    - Cameraman နှင့် ကစားသမား အနည်းဆုံး ၆ ပေ ကွာရမည်။
    - ရိုက်ကူးသူ အားလုံး Mask များ၊ လက်အိတ်များ ဝတ်ဆင်ထားရမည်။

## PHO Seating Layout





# Requisite Personnel for Each Area

| Media Operations - Allowed Personnel Numbers | | | |
|---|---|---|---|
| Area | Personnel Involved | Timing | Allowed Numbers |
| Media Tribune | MEDIA/ NRH | Between 14:30 to 15:00 | 10 |
| Field of Play | PHO | Between 14:30 to 15:00 | 10 |



# Media Activities – Summary

| Section | Media Personal | Media Activity | Availabiltiy | Remark |
|---|---|---|---|---|
| Before Kick Off | HB | Player's Bus Drop Off | Available | Secure at least 6-feet distance |
| | PHO | | Not Available | Official is allowed |
| | NRH | | Not Available | |
| | HB | Dressing Room | Not Available | |
| | PHO | | Not Available | |
| | NRH | | Not Available | |
| | HB | Arrival Interview | Avilable | Outside FOP |
| | PHO | | Avilable | Official is allowed |
| | NRH | | Not Available | |
| During Match | HB | Player's waiting in Tunnel | Avilable | Secure at least 6-feet distance |
| | PHO | | Not Available | |
| | NRH | | Not Available | |
| | HB | Game Time | Avilable | |
| | PHO | | Avilable | |
| | NRH | | Avilable | Only 5 minutes from start whistle |
| Post Match | HB | Flash Interview | Avilable | Secure at least 6-feet distance |
| | PHO | | Not Available | |
| | NRH | | Not Available | |
| | HB | Press Conference | Available | Secure Distance |
| | PHO | | Available | |
| | NRH | | Available | |
| | PHO | | Not Available | |
| | NRH | | Not Available | |



Thank You